# ပန်းတိုင်အထွက်ရအောင်အာဟာရဓာတ်ဖြည့်တင်းစိုက်ပျိုးမှုမြှင့်တင်စို့(အပိုင်း-၃)

မူမူ(မလှိုင်)

## သီးနှံပင်များမှ အာဟာရဓာတ်သယ်ဆောင်နိုင်စွမ်း

သီးနှံပင်များမှ အာဟာရဓာတ်များ သယ်ဆောင်နိုင်စွမ်းအားကိုလေ့လာလျှင် ၎င်းတို့၏ သီးနှံထုတ်လုပ်နိုင်စွမ်းနှင့် ၎င်းမှ ထပ်ဆင့်ထုတ်ကုန်များ ရရှိနိုင်စွမ်းပေါ်မူတည်ပါသည်။ ယေဘုယျအားဖြင့် အထွက်နှုန်းမြင့်မားလေ အာဟာရဓာတ်ဖယ်ရှားမှုမြင့်မားလာလေဖြစ်ပြီး၊ သီးနှံမျိုးအသစ်များသည် မူလမျိုးဟောင်းများထက် အာဟာရစားသုံးမှုမြင့်မားကာ အာဟာရလိုအပ်ချက်လည်းများကြသည်။




Soil pH and Nutrient Availability
(Source: Bluedale - http://www.bluedale.com.au )

မြေချဉ်ငန်ဓာတ် ပေါ်တည်၍ အာဟာရဓာတ်များရရှိနိုင်မှုအခြေအနေ




အာဟာရဓာတ်များချို့တဲ့မှု အရ ပင်ပြလက္ခဏာတွေ့ရှိနိုင်မှုအခြေအနေ




**အနည်းလို အာဟာရဓာတ်များချို့တဲ့မှု အရ ပင်ပြလက္ခဏာတွေ့ရှိနိုင်မှုအခြေအနေ**

**အာဟာရဓာတ်ညီမျှခြေ**

အာဟာရဓာတ်ညီမျှခြေဆိုသည်မှာ စုစုပေါင်းထွက်ရှိသွားသည့် အာဟာရဓာတ်နှင့် စုစုပေါင်း ဖြည့်တင်းပေးရသည့် အာဟာရဓာတ်ညီမျှစွာ တည်ရှိနေခြင်းဖြစ်သည်။ အာဟာရဓာတ်လိုသည်ထက်များပြားနေက စုပုံပိုလျှံပါဝင်နေခြင်းဖြစ်ပြီး၊ လိုအပ်သည်ထက် လျော့နည်းနေခြင်းသည် ကုန်ဆုံးသွားခြင်း/လျော့နည်းပျောက်ဆုံးခြင်း ပြန်လည်ဖြည့်တင်းမှုမရှိပဲ ထုတ်ယူသုံးစွဲနေခြင်းကြောင့်ဖြစ်သည်။ စဉ်ဆက်မပြတ် သုံးစွဲနိုင်ရန် အာဟာရဓာတ်ပမာဏ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်ဖြည့်တင်းခြင်း ညီမျှခြေမှာရှိသင့်သည်။ အာဟာရဓာတ် ပြန်လည်ဖြည့်တင်းမှုမရှိပဲ သုံးစွဲနေခြင်းသည် မြေဆီလွှာအဆင့်အတန်း ယုတ်လျော့စေပြီး သီးနှံထုတ်လုပ်မှုကို ဆိုးဝါးစွာထိခိုက်စေနိုင်သည်။ အခြားတစ်ဖက်တွင် လိုအပ်သည်ထက် အလွန်အကျွံ ထည့်သွင်းအသုံးပြုခြင်းသည်လည်း မြေနှင့်ရေတွင် အာဟာရအကြွင်းအကျန်များစုပုံကာ အာဟာရဓာတ် မညီမျှမှုများဖြစ်၍ ထိခိုက်ပျက်စီးစေသည်။

အာဟာရဓာတ်ညီမျှခြေကိုတွက်စစ်၍ အာဟာရဖြည့်တင်းရေး ဆောင်ရွက်ရာတွင် ဓာတ်မြေဩဇာ၊တိရစ္ဆာန်အညစ်အကြေး၊ အကျိုးပြုအာဟာရဓာတ်မြေဩဇာများ၊ နုန်းကျခြင်း (မိုးရေ/လေတိုက်စားမှု)၊ အနယ်နှစ်စုပုံခြင်း (ရေလွှမ်းခြင်း)နှင့် ရေသွင်းခြင်းများ စသော လုပ်ငန်းရပ်တိုင်းကို အလေးဂရုပြု စနစ်တကျလုပ်ဆောင်ပေးရမည်။ သီးနှံထုတ်လုပ်မှုမှ

အာဟာရဓာတ်များဆုံးရှုံးမှု၌ သီးနှံအကြွင်းအကျန်များမှလည်းကောင်း၊ စီးဆင်းရေတွင် ပျော်ဝင်စိမ့်ဆင်းခြင်း၊ အငွေ့ပျံပျောက်ဆုံးခြင်း(အငွေ့/ဓာတ်ငွေ့အဖြစ်ဆုံးရှုံးခြင်း၊ နိုက်တြိုဂျင်ဓာတ်ပေါင်းများအသွင်ပြောင်းလဲခြင်း)နှင့် မြေဆီလွှာတိုက်စားခြင်းတို့ကြောင့် အပင်အာဟာရများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည်။ အများအားဖြင့် သီးနှံပင်အာဟာရဓာတ်များ၏ အဓိကလမ်းကြောင်းမှာ ဓာတ်မြေဩဇာနှင့် တိရစ္ဆာန်အညစ်အကြေးများ ဖြည့်ဆည်းပေးမှုကြောင့် ရရှိနိုင်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် သီးနှံပင်အကြွင်းအကျန်တို့ဖြင့် ဖယ်ရှားခြင်းခံရခြင်းဖြစ်သည်။ ထို့ကြောင့် အာဟာရဓာတ်သွင်းအားစုနှင့် ကုန်ဆုံးမှုတို့ကို အခြေခံကာ အပင်၏အာဟာရလိုအပ်ချက်များကို ညီမျှခြေတွင်ရှိနေစေရန် စိစစ်တွက်ချက်၍ ဖြည့်ပေးခြင်းဖြင့် မြေတွင်း အပင်အာဟာရညီမျှခြေကို ထိန်းညှိပေးသင့်ပါသည်။ အာဟာရဓာတ် ညီမျှခြေတန်ဖိုးသည် ဒေသ၊ သီးနှံစိုက်ပျိုးမှုပုံစံ၊ အာဟာရထိန်းညှိမှု အလေ့အကျင့်များအရ အမျိုးမျိုးကွဲပြားသွားပါသည်။

သီးနှံစိုက်ပျိုးမှုများတွင် အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ အာဟာရညီမျှခြေမှာ အနှုတ်ဖက်သို့ ပိုမိုအလေးသာလာသည်။ ထို့ပြင် သီးနှံစိုက်စွမ်းအား မြင့်မားလာလေ အပင်အာဟာရညီမျှခြေ အနှုတ်ဖြစ်မှု တိုးတိုးလာလေပင်ဖြစ်သည်။ တစ်ဖက်တစ်လမ်းမှနေ၍ သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အညစ်အကြေးများ ထည့်ပေးခြင်းဖြင့် အာဟာရမညီမျှမှုဖြစ်ခြင်းကို လျော့ပါးစေနိုင်ပြီး လျှော့ချနိုင်မှုပမာဏမှာ အသုံးပြုသည့် သဘာဝမြေဩဇာပုံစံနှင့် အမျိုးအစားပေါ်တွင်မူတည်သည်။ သီးနှံအကြွင်းကျန်များကို ဖယ်ရှား၍ ဓာတ်လျော့စေရာတွင် အာဟာရဆုံးရှုံးမှုကို အကာအကွယ်ရစေသည့်အပြင် ပိုတက်ဆီယမ်အာဟာရဓာတ်ညီမျှခြေကို အထူးထိန်းသိမ်းပေးရာဖြစ်စေသည်။ ပဲမျိုးဝင်သီးနှံများကိုထည့်၍ စိုက်ပျိုးစေခြင်းဖြင့် အာဟာရမညီမျှမှုကို လျော့ကျစေပြီး မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်သည်။ သီးလှည့်စိုက်ပျိုးခြင်းတွင်လည်း ပဲမျိုးဝင်သီးနှံများကို အလှည့်ကျထည့်စိုက်ပေးခြင်းပြုလုပ်သင့်သည်။

သို့သော်လည်း အပင်အာဟာရဓာတ် ညီမျှခြေတန်ဖိုးကိုသတ်မှတ်ရာတွင် မြေဆီလွှာအတွင်း အပင်မှစားသုံးနိုင်မည့် အာဟာရဓာတ်ပါဝင်မှုအဆင့်ကို အခြေခံ၍ပြောဆိုကြသည်။ ဤသည်မှာ မြေဆီလွှာအတွင်း အာဟာရပါဝင်မှုအဆင့်သည် ရေရှည်တွင် အရေးကြီးလိုအပ်လာနိုင်မှုကို အခြေခံထားသည်။ အနည်းငယ်မျှသော အာဟာရဆုံးရှုံးမှုသည်ပင် ဓာတ်မြေဩဇာဖြင့် ဖြည့်ဆည်းပေးခြင်းပြုလုပ်နိုင်သော်လည်း မျှခြေဖြစ်စေရန်ခဲယဉ်းပါသည်။ အပင်အတွက် အတော်အသင့် အာဟာရဓာတ်လိုအပ်ချက်ကို သဘာဝမြေဩဇာအဖြစ် အထူးသဖြင့် နွားချေး၊ ကြက်ချေးဆွေး၊ အမှိုက်သရိုက်နှင့်လူတို့၏စွန့်ပစ်ပစ္စည်းများကို ထည့်၍ အသုံးပြုနိုင်ပါသည်။ ထိုကြောင့် မိမိစိုက်ပျိုးခင်း၏ မြေအခြေအနေ၊ အာဟာရဓာတ်ပါဝင်မှုအဆင့်တို့ကိုအနီးစပ်ဆုံးသိရှိရန်မြေနမူနာစစ်ဆေးချက်ကိုစနစ်တကျဆောင်ရွက်သင့်သည်။

မြေဆီလွှာစစ်ဆေးရန်အတွက် နမူနာယူသည့်မြေသည် စမ်းသပ်လိုသော မြေနေရာအား ကိုယ်စားပြုရန်အထူးလိုအပ်သည်။ မြေနမူနာယူရာတွင် မြေသားအထု၊ မြေသားအနုအကြမ်း၊ မြေသားအရောင်၊ စိုက်ပျိုးသည့်သီးနှံကို ထည့်သွင်းစဉ်းစား ရမည်။




| | | |
|---|---|---|
| ဆောင်းပါးခေါင်းစဉ် | – | **ပန်းတိုင်အထွက်ရအောင်အာဟာရဓာတ်ဖြည့်တင်းစိုက်ပျိုးမှု မြှင့်တင်စို့ (အပိုင်း- ၃)** |
| ကလောင်အမည်(ရေးသူ) | – | မူမူ(မလှိုင်) |
| ရေးသားသူအမည်အရင်း | – | ဒေါက်တာခင်ခင်မူ |
| အလုပ်အကိုင်/ရာထူး | – | ဦးစီးအရာရှိ |
| ဌာန | – | မြေအသုံးချရေးဌာနခွဲ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | – | ၀၉ ၇၉၁၁၁၇၃၁၃, khinmumu96@gmail.com |